# လူ့အခွင့်အရေးဆိုင်ရာဦးစီးဌာန

မင်္ဂလာပါ ဦးဦးဒေါ်ဒေါ် ကိုကိုမမတို့ရှင်။
အခုကနေစပြီးတော့ HRD က ထုတ်ပြန်ထားတဲ့
Human Rights Data Dashboard လေးတွေက အချက်အလက်လေးတွေကို
ဘယ်လို စနစ်တကျ လေ့လာပြီး အချက်အလက်လေးတွေရယူနိုင်မလဲ
ဆိုတဲ့ အသုံးပြုနည်းလမ်းညွှန်ကို အသေးစိတ်ရှင်းပြပေးသွားမယ်နော်။



## ပထမဆုံး အနေနဲ့ကတော့

HRD အနေနဲ့ dashboard ၄ ခု ကို အောက်ပါအတိုင်း ထုတ်ပြန်ထားတယ်ဆိုတာကို မှတ်ထားစေချင်ပါတယ်နော်။

**Massacre Dashboard**

**Human Rights Violations Dashboard**

**Unlawful Conscription Watch**

**Aerial Attacks Dashboard**

# အခုကစ MASSACRE DASHBOARD ကို ဘယ်လို သုံးရမလဲ လိုက်ကြည့်လိုက်ရအောင်နော်၊ မြေပုံပေါ်က နယ်မြေအလိုက်ဖြစ်ပွားခဲ့တဲ့ CASE တွေကို ကြည့်နိုင်ဖို့ကနေ စလိုက်ကြရအောင်...




Caseတွေကို ဒေသအလိုက်သိနိုင်ဖို့ဆိုရင် Choose Region ဆိုတဲ့ button နေရာလေးကိုနေပဲရွေးပြီးဖြစ်ဖြစ်

**မြေပုံကို တိုက်ရိုက် SELECT မှတ်ပြီးပဲ ဖြစ်ဖြစ် ဒေသ တခု စာသိနိုင်တယ်၊**

အဲ့လိုမှ မဟုတ် ဒေသ ၂ ခု၊ ၃ခု က ဖြစ်စဥ်တွေကို သိချင်တာဆိုရင် Choose Region မှာပဲFilter ပြီး ကြည့်လို့ရတယ်။ All Region ဆိုတာလေး နှိပ်လို့ရတာလည်း မမေ့နဲ့နော်။

# MASSACRE DASHBOARD ကို မြေပုံပေါ်က နယ်မြေအလိုက်ဖြစ်ပွားခဲ့တဲ့ CASE တွေကို ကြည့်ပြီးရင် လအလိုက်/နှစ်အလိုက်ဖြစ်ပွားတာတွေလည်း သိချင်လာတယ်ဟုတ်၊ဒါဆိုရင် ဆက်ကြည့်ရအောင်...




လအလိုက်/နှစ်အလိုက် အခြေအနေတွေကို သိနိုင်ဖို့ ဒီbutton လေးတွေကို ရွေးပြီးကြည့်နိုင်တယ်၊

**အဲ့လို နှစ်/လတွေ ကို ဒေသအလိုက်နဲ့လည်း တွဲပြီး တခါတည်းရွေးလို့ ရတယ်နော်၊**

ဒီနေရာမှာ ဖြစ်စဉ်တွေက verified ပြီးသား ဟုတ်/မဟုတ်ဆိုတာတွေလည်း တခါတည်းရွေးလို့ရတယ်။ ဒါလေးကို နှိပ်ပြီး ကြည့်နိုင်တယ်။ အောက်က bar graph မှာ ရလာတဲ့ result ကို တွေ့နိုင်တယ်။

# MASSACRE DASHBOARD ကနေ သေဆုံးသူတွေရဲ့ အချက်အလက်ကိုရော ဘယ်လိုကြည့်ကြမှာလဲ၊ ဒါအတွက် အောက်မှာ ဆက်ကြည့်လိုက်ရအောင်...




ဖြစ်စဉ်တွေအလိုက် သေဆုံးသူတွေရဲ့ အသက် အပိုင်းအခြားတွေကို သိချင်ရင် ဒီကနေ point ထောက်ပြီးကြည့်၊

**အဲ့ဒီစာရင်းကိုလည်း အပေါ်က ဖော်ပြထားသလို ဒေသအလိုက်၊ နှစ်အလိုက်တွေ အကုန် တပြိုင်တည်းကြည့်လို့ရတယ်နော်၊ ဒီမှာ နမူနာ ၂ နှစ်စာ FILTER လုပ်ပြထားပါတယ်၊ ဒီလိုဆို ၂ နှစ် အတွင်းသေဆုံးစာရင်းကိုတွေ့ရမှာနော်၊**

သေဆုံးစာရင်းကို gender အလိုက်ကြည့်ချင်ရင်လည်းဒီက ကြည့် ပေးနော်။ အပေါ်ကနဲ့ အတူတူပဲ။

# ဒါဆိုရင် HUMAN RIGHTS VIOLATIONS DASHBOARD အတွက် အသုံးပြုနည်းလေး ဆက်ကြည့်ရအောင်နော်...




HRV အချက်အလက်တွေကို နှစ်အလိုက်/ လအလိုက် ဒီ button လေးတွေကနေ filter လုပ်ကြည့်လို့ရပါတယ်။

**ဒီ DASHBOARD ကတော့ ချိုးဖောက်ခံရမှု အမျိုးအစားတွေကို အသားပေးဖြစ်တဲ့အတွက် ဖြစ်ပွားမှု အများဆုံး LOVS တွေကိုလည်း တခါတည်း တွေ့ရမှာဖြစ်ပါတယ်။**

Filterတွေကို အနည်းအများလိုက်စီလိုက် စစ်ကြည့်လို့ရတာမို့ dashboard မှာ ပါတဲ့ button တိုင်းကို နှိပ်ပြီး လိုတဲ့ အချက်အလက်ကို ရနိုင်မှာဖြစ်ပါတယ်။

# HUMAN RIGHTS VIOLATIONS DASHBOARD မှာရော ဒေသအလိုက်ကြည့်လို့ရလား...ကြည့်လို့ရတာပေါ့ လာဆက်ကြည့်လိုက်ရအောင်...




HRV အချက်အလက်တွေကို နှစ်အလိုက်/လအလိုက် အပေါ်က button လေးတွေက နေ filter လုပ်သလို

**ဒေသအလိုက် အချက်အလက်တွေကို ပါသိနိုင်ဖို့ဆိုရင် မြေပုံလေးပေါ်မှာ ပြထား POINTER လေးထောက်ပြီး FILTER လုပ်ရုံပါပဲ။ဒီလိုဆိုရင် ဘေးမှာ လိုချင်တဲ့ LOV တွေ၊ဖြစ်စဉ်အနည်း အများတွေ ကြည့်လို့ရပြီ၊**

ဒေသအလိုက် filter လုပ်ပြီး၊ အဲ့ဒေသရဲ့ နှစ်အလိုက်/လအလိုက်ကို ကြည့်ချင်ရင် လည်းအပေါ်က ပြထားသလို button လေးတွေမှာ filter ရုံပါပဲ၊လွယ်ကူပါတယ်။

# အတင်းအဓမ္မစစ်မှုထမ်းစေခိုင်းခံရတဲ့ အချက်အလက်တွေ ဖော်ပြထားတဲ့ UNLAWFUL CONSCRIPTION WATCH ကရော အပေါ်က DASHBOARD တွေလိုကြည့်ရလွယ်လား...လွယ်ကူမြန်ဆန်တာပေါ့ လာကြည့်လိုက်ရအောင်နော်...




| | Male | Female | Under Aged | Unknown | Total |
|---|---|---|---|---|---|
| | | | | 590 | 590 |
| e | 74 | 1 | | 500 | 575 |
| y | 265 | | | 258 | 523 |
| vady | 57 | | | 400 | 457 |
| | 322 | 6 | | 108 | 436 |
| | 228 | 1 | | 30 | 259 |
| Taw | 200 | | 1 | | 201 |
| | 91 | | | 100 | 191 |
| ay | 116 | | | | 116 |
| | 80 | | | | 80 |
| ı | 21 | 1 | | | 22 |
| aryi | 12 | | | | 12 |
| | 2 | 1 | | | |

Unlawful Conscription Law ကြောင့် အတင်းအဓမ္မ ဖမ်းဆီးခံရတဲ့ အခြေအနေ တွေကို လအလိုက်/နှစ်အလိုက်/ဒေသ အလိုက် အကုန်တွေ့နိုင်သလို

**ဒီ DASHBOARD မှာတော့ ဖမ်းဆီးခံရတဲ့ ဂျန်ဒါအခြေအနေတွေ၊ အသက် အပိုင်းအခြားတွေအပြင် TOTAL စာရင်း တွေကိုပါ ဇယားနဲ့ တခါတည်း ပေါင်း ပေးထားတာကို တွေ့ရမှာဖြစ်ပါတယ်၊**

# UNLAWFUL CONSCRIPTION WATCH ကို ဒေသအလိုက်နဲ့ ဖြစ်စဉ်အများဆုံးဒေသတွေကို ကြည့်ကြမယ်...

Total Conscripted Cases : 2,089 Cases with 33,713 persons.

Total Conscripted Cases




Conscripted Persons by Region

| | Male | Female | Under Aged |
|---|---|---|---|
| Mandalay | 6,827 | 11 | 12 |
| Rakhine | 1,331 | 1 | |
| Ayeyarwady | 968 | 1 | 1 |
| Magway | 2,338 | 15 | 1 |
| Bago | 1,290 | 6 | 6 |
| Yangon | 1,984 | 20 | 1 |
| Sagaing | 958 | 24 | 3 |
| Tanintharyi | 945 | 4 | |
| Mon | 1,006 | 3 | |
| Karen | 306 | | |
| Nay Pyi Taw | 286 | | 7 |
| Kachin | 252 | 1 | |
| Shan | 32 | 1 | |
| Karen | 212 | | |
| Chin | 4 | | |
| Karenni | | | |

Cases by Month




Unlawful Conscription Watch မှာ လည်းပဲ အပေါ်က dashboard တွေ နည်းတူ မြေပုံကို ထောက်ပြီး ပဲဖြစ်ဖြစ်၊ button ကို filter ပြီးပဲဖြစ်ဖြစ် ဒေသ အလိုက် အချက်အလက်ရနိုင်တယ်၊

**လအလိုက်ကိုလည်း တခါတည်း နှိုင်းယှဉ် ကြည့်၊ REFERENCE တခါတည်းလုပ်လို့ ရအောင် GRAPH ထည့်ပေးထားပါတယ်၊**

ဒီက ဖော်ပြထားတဲ့ အချက်အလက်တွေ မှာ ဖြစ်စဉ် နဲ့ လူအရေအတွက်ကိုလည်း တွဲ ကြည့်လို့ရနိုင်တဲ့ ထူးခြားချက်ရှိပါတယ်။

# အကြမ်းဖက်စစ်အုပ်စုရဲ့ လေကြောင်းအသုံးပြုတိုက်ခိုက်မှုတွေကို အသေးစိတ် တိုက်ခိုက်မှု အမျိုးအစားက အစ ခွဲခြမ်းပြီး ပြုစုထားတဲ့ AERIAL DASHBOARD ကို ဘယ်လိုသုံးရမလဲ ဆက်ကြည့်လိုက်ရအောင်...




လေကြောင်းအသုံးပြုတိုက်ခိုက်မှုဖြစ်စဉ်တွေကိုလည်းလအလိုက်/နှစ်အလိုက်သိနိုင်ဖို့ button လေးတွေကနေfilter စစ်ပြီး ကြည့်နိုင်သလို၊ မြေပုံကို ထောက်ပြီးလည်း ဒေသအလိုက် အချက်အလက်ရယူနိုင်ပါတယ်၊

**ဒီDASHBOARD မှာတော့ လေကြောင်း တိုက်ခိုက်မှု အမျိုးအစားတွေ၊ တိုက်ခိုက်မှုကြောင့် ပျက်စီးဆုံးရှုံးရတဲ့ အဆောက်အအုံအချက်အလက်တွေကို လည်း FILTER စစ်တဲ့ အခြေအနေ အလိုက် အကုန်မြင်တွေ့ရမှာဖြစ်ပါတယ်၊**

သေဆုံး/ဒဏ်ရာရ အခြေအနေကိုလည်း လွယ်လွယ်ကူကူ တွေ့နိုင်မှာပါ။

# AERIAL DASHBOARD ၏ PAGE ၂ခု တခါတည်း ထည့်ထားတာမို့ နောက်တခုကရော ဘယ်လိုလဲ ဆက်ကြည့်ကြရအောင်နော်...




ဒီဒုတိယ စာမျက်နှာမှာတော့ လေကြောင်း တိုက်ခိုက်မှုရဲ့ ဖြစ်စဉ်အရေအတွက်၊ တိုက်ခိုက်ခံရတဲ့ အကြိမ်အရေအတွက်၊ သေဆုံး၊ဒဏ်ရာရအခြေအနေတွေကို total တခါတည်း ပေါင်းပေးထားပါတယ်၊

**လအလိုက်ကိုလည်း တခါတည်းယှဉ်လို့ ရအောင်၊COMPARATIVE GRAPH နဲ့ ပျက်စီးဆုံးရှုံးရတဲ့ အဆောက်အအုံတွေ အခြေအနေတွေ၊ ဖြစ်စဉ် နဲ့ အကြိမ် အရေအတွက်တွေလည်း ယှဉ်ပြထားတယ်၊**

ဒီအချက်အလက်တွေအတွက် လည်း တလ ချင်း/တနှစ်ချင်းအလိုက် ပြန်filter စစ်လို့ရ တယ်နော်၊ ဒီနားလေးမှာ button ပါ။




www.hrd.nugmyanmar.org